MIMU

# Google My Maps (GMM)

## User Manual, Version-IV

### October 2023

Google My Maps Manual အား MIMU မှ ပြုစုရေးသားခြင်းဖြစ်ပြီး မေးမြန်းလိုသည်များရှိပါက info.mimu@undp.org မှ တစ်ဆင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# မာတိကာ


၁။ Google My Maps အသုံးပြုရခြင်း ရည်ရွယ်ချက် ....................................................................................2

၂။ Google My Maps အသုံးပြုရန်လိုအပ်ချက်များ ....................................................................................2

၃။ Google My Maps အသုံးပြုနည်းလမ်း....................................................................................2

၃.၁။ Google My Maps ကိုရှာဖွေခြင်း....................................................................................2

၃.၂။ Google Email account (Gmail account) တစ်ခုဖန်တီးခြင်း ....................................................................................3

၃.၃။ Google My Maps ၏သွင်ပြင်လက္ခဏာများ....................................................................................4

၃.၄။ ပြင်ပမှဒေတာများထည့်သွင်းခြင်း....................................................................................7

၃.၅။ Search boxမှ ရရှိလာသော အချက်အလက်များကို Google My Mapsတွင် ပြန်လည်အသုံးပြုခြင်း .......11

၃.၆။ မိမိပြုလုပ်ထားသောမြေပုံကို တခြားသူများကို မျှဝေခြင်း....................................................................................11

၃.၇။ အီးမေးလ်အကောင့်မှတဆင့် Google My Maps ကိုဖွင့်ခြင်း ....................................................................................12

လေ့ကျင့်ခန်း ....................................................................................12

## ၁။ Google My Maps အသုံးပြုရခြင်း ရည်ရွယ်ချက်

Google My Maps ကို အသုံးပြုပြီး သင့်အတွက်အရေးပါသောနေရာများကိုခြေရာခံဖို့၊ အကြိုက်ဆုံးနေရာတွေကိုမှတ်မိဖို့၊ နေရာမြို့အသစ်တွေကို စူးစမ်းဖို့၊ သင်၏စိတ်ကြိုက်မြေပုံများကို လွယ်လွယ်ကူကူပြင်ဆင်ပြီး လိုအပ်သလို အသုံးပြုနိုင်ပါသည်။


## ၂။ Google My Maps အသုံးပြုရန်လိုအပ်ချက်များ

- အင်တာနက်အသုံးပြုနိုင်မှု နှင့် အသုံးပြုနိုင်သည့်ကွန်ပျူတာ (သို့မဟုတ်) တက်ဘလက်
- Google My Maps အသုံးပြုရန်အတွက် Google Email Account (Gmail account) တစ်ခု
- ဂြိုလ်တုဓါတ်ပုံများကို ကြည့်ရှုရာတွင် အကျွမ်းတဝင်ရှိရန်အတွက် Google Earth application ကို လေ့လာကြည့်ရှုထားရန် လိုအပ်ပါ သည်။


## ၃။ Google My Maps အသုံးပြုနည်းလမ်း


### ၃.၁။ Google My Maps ကိုရှာဖွေခြင်း

Google My Maps ကိုရှာရန် အင်တာနက်သုံးဆော့ဖ်ဝဲ တစ်ခုခု (FireFox, Chrome or IE) ရဲ့ Google Search မှ Google My Maps ဟုရိုက်ထည့်လိုက်ပါ။ အောက်ပါအတိုင်း ရလဒ်ကိုဖော်ပြပေးမည်ဖြစ်ပါသည်။




ရလာသော ရလဒ်များမှ Google My Maps ဆိုသည့် ဝက်ဆိုဒ် ကို ရွေးပြီးclick နှိပ်လိုက်သောအခါ အောက်ဖော်ပြပါအတိုင်း သင်၏ Google Email account (Gmail account) ရိုက်ထည့်ရန် ပေါ်လာပါမည်။








သင့်ထံတွင် Google Email account (Gmail account) ရှိပြီးသားဖြစ်လျှင် အဆင့် (၃) သို့ ကျော်သွားပြီး ဆက်လက်လုပ်ဆောင်နိုင်ပါတယ်။ Google Email account (Gmail account) မရှိသေးလျှင် အောက်ပါ အဆင့် (၂) အတိုင်း အလွယ်တကူ ဖန်တီးနိုင်ပါတယ်။


## ၃.၂။ Google Email account (Gmail account) တစ်ခုဖန်တီးခြင်း


(အီးမေးလ်အကောင့်မရှိသေးသူများအတွက် ပထမဆုံးတစ်ကြိမ်သာပြုလုပ်ရန်လိုအပ်ပါသည်။)
အကောင့်ဖွင့်ပါ။ Create account ဆိုတဲ့နေရာလေးကို နှိပ်လိုက်ပါ၊ ကျွန်ုပ်အတွက် (For myself) ကိုရွေးလိုက်ပါ။







ဒါလေးပေါ်လာပါလိမ့်မယ်။




First name, Last name (ရှေ့နာမည်၊ မျိုးနွယ်အမည်) တွေကို ကိုယ်နှစ်သက်သလိုပေးလို့ရပါတယ်။ အောက်က Username (အသုံးပြုသူအမည်) ဆိုတဲ့နေရာမှာလည်း ကိုယ်အသုံးပြုချင်တဲ့ နာမည်ကို အင်္ဂလိပ်လိုပေးလို့ရပါမယ်။ ဒါပေမယ့် ကိုယ်ပေးလိုက်တဲ့ အသုံးပြုသူအမည်က တခြားတစ်ယောက်ယောက်က သုံးထားပြီးသားဆိုရင်တော့ မတူတဲ့ အမည်တစ်ခု ပြောင်းပေးရပါမယ်။ အဲဒါပြီးသွားရင် Password (စကားဝှက်) ကိုသတ်မှတ်ပေးရပါမယ်။ ပေးထားတဲ့ Password (စကားဝှက်) ကို ထပ်မံ အတည်ပြုပေးရပါမယ်။ ပြီးသွားရင် ရှေ့ဆက်ရန်ဆိုတာကို နှိပ်ပေးပါ။ အားလုံးအဆင်ပြေတယ်ဆိုရင် နောက်တဆင့်ကိုရောက်သွားပါမယ်။ တစ်ခုခု အဆင်မပြေရင် ဘယ်ဟာက အဆင်မပြေ

သေးဘူး ပြန်ပြင်ပေးပါအုံးလို့ ပြောလာပါလိမ့်မယ်။ ဥပမာ အသုံးပြုသူအမည်က တခြားတစ်ယောက်က သုံးထားပြီးသား ဖြစ်နေလို့၊ အဲဒီတော့မှ လိုအပ်တာ ပြန်ပြင်ပေးပြီး ရှေ့ဆက်ရန်ဆိုတာကို နှိပ်ပေးပါ။ နောက်တဆင့်မှာ ကိုယ့်အီးမေးလ်အကောင့်ကို အတည်ပြုဖို့ ဖုန်းနံပါတ်ထည့်ပေးရပါမယ်။ ဖုန်းနံပါတ်ထည့်ပြီး ရှေ့ဆက်ရန်ကို နှိပ်လိုက်တဲ့အခါမှာ ကိုယ်ထည့်ပေးလိုက်တဲ့ ဖုန်းနံပါတ်အတိုင်း ကုတ်နံပါတ် ၆ လုံးပို့ပေးပါလိမ့်မယ်။ အဲဒီကုတ်နံပါတ် ၆ လုံးကို ရိုက်ထည့်ပြီးအတည်ပြုစီစစ်ပေးလိုက်ပါ။








အဲဒါတွေပြီးရင်တော့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ (မွေးနေ့၊ ကျား/မ) အဲဒါတွေဖြည့်ပေးရပါမယ်။ နောက်ထပ်အဆင့်တွေကို သူပြောထားသလိုလေးလုပ်သွားပြီး နောက်ဆုံးမှာ ကျွန်ုပ်သဘောတူပါသည် ဆိုတာလေး ရွေးပေးလိုက်ရင် ရသွားပါပြီ။


## ၃.၃။ Google My Maps ၏သွင်ပြင်လက္ခဏာများ

အီးမေးလ်အကောင့် ၏ အသုံးပြုသူအမည် User Name နှင့် လျှို့ဝှက်ကုတ် Password ကိုထည့်သွင်းပြီး CREATE A NEW MAP 


ကို Click နှိပ်ပါ။ အောက်ဖော်ပြပါ အတိုင်းတွေ့ရမည်။




Google My Maps ၏ သွင်ပြင်လက္ခဏာများ





1 Untitled Map ဆိုတာက မြေပုံကို အမည်ပြောင်းချင်ရန် click တစ်ချက် နှိပ်လိုက်ပါ။ အဲဒါဆိုရင် ကိုယ်ပြောင်းချင်တဲ့ နာမည်ပေးလို့ရတဲ့ နေရာလေးပေါ်လာပါမယ်။ ကိုယ်ပေးချင်တဲ့နာမည် ပေးပြီးရင် အောက်က အကွက်လေးမှာ ရှင်းလင်းချက် ထပ်ထည့်လို့ရပါသေးတယ်။




2 Layer များထပ်ထည့်ချင်တယ်ဆိုရင်တော့ Add layer ဆိုတာလေးကိုနှိပ်ပါ။ အောက်ဖက်မှာ Untitled layer ဆိုတာလေးပေါ်လာပါမယ်။


3 

ဆိုတာကအခြားတစ်ယောက်ကို မိမိအချက်အလက်များမျှဝေလိုလျှင် အသုံးပြုသည်။


4 

ဆိုတာလေးက မိမိ မျှဝေလိုက်တဲ့မြေပုံ extent ကိုကြည့်တာပါ။


5 Untitled layer ကို click ပြုလုပ်ပြီး Layer Name ပြောင်းနိုင်သည်။





6 Layer name ဘေးတွင်ရှိသော အစက်သုံးစက်သည် Layer များကို အမည်ပြောင်းခြင်း၊ ဖျက်ခြင်း နှင့် Data Table တွေကို ဖွင့်ကြည့်ရန်အသုံးပြုသည်။





Field/Column အသစ်များ ထပ်ထည့်လိုပါက မိမိထည့်ချင်သော Field/Column နာမည်၏ ညာဘက်တွင်ရှိသော အမည်းရောင်မြားအသေးတွင် နှိပ်လိုက်ပါက Insert column before (or) Insert column after တစ်ခုခုကိုရွေးချယ်နိုင်ပါသည်။








အသစ်ထပ်ထည့်သော ကော်လံအသစ်အတွက် နာမည်နှင့် အသုံးပြုမည့်ဒေတာ အမျိုးအစားကို ရွေးချယ်ပေးရပါမည်။

7 Map Title ၏ဘေးတွင်ရှိသော အစက်သည် မြေပုံအသစ် ပြုလုပ်ခြင်း၊ မြေပုံအား မိတ္တူပွားခြင်း၊ သိမ်းထားသောမြေပုံအား ဖွင့်ခြင်း၊ Set default view ပြုလုပ်ခြင်း၊ မိမိပြုလုပ်ထားသော အချက်အလက်များကို Google Earth file ဖြစ်တဲ့ KML or KMZ file အဖြစ်ပြောင်းလဲ သိမ်းဆည်းခြင်း နှင့် မြေပုံအား Print ထုတ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။




8  Undo and Redo ပြုလုပ်ခြင်း၊ Select items ပြုလုပ်ခြင်း၊ Add Marker အသုံးပြု၍ Point များအသစ် ထပ်ထည့်ခြင်း နှင့် အကွာအဝေးတိုင်းတာခြင်းတို့ ပြုလုပ်နိုင်သည်။ အခုလေးပဲ ကိုယ်လုပ်ခဲ့တာ တစ်ခုခုကို ပြန်ဖျက်ချင်ရင်ဘယ်ဖက်ကို  ပြထားတဲ့မြှားလေးကို သုံးပြီးပြန်ဖျက်လို့ရပါတယ်။ အဲလိုဖျက်လိုက်တဲ့ဟာက  မှန်နေလို့ပြန်ရချင်တယ်ဆိုရင် ညာဖက်ကို ပြထားတဲ့ မြှားလေးကို သုံးပြီးပြန်ခေါ်ယူလို့ ရပါတယ်။ အဲဒါကို Undo and Redo ပြုလုပ်ခြင်းလို့ ပြောတာပါ။ အဲဒီဘေးက လက်ဝါးပုံလေးကတော့ မြေပုံကို ဟိုရွှေ့ဒီရွှေ့လုပ်ချင် ရင် သုံးတာပေါ့။


- လက်ဝါးလေးဘေးက  မီးပုံးပျံအသေးစားပုံလေး (Pinpoint) လို့ခေါ်တဲ့ဟာလေးကတော့ အခုလုပ်နေတဲ့ Layer ထဲမှာ တည်နေရာအမှတ်အသစ်တစ်ခုထည့်ချင်ရင်သုံးပါတယ်။ ဘယ်လိုလုပ်ရတာလဲ ဆိုတော့ အဲဒီ ပင်းပွိုင့်လေးကို တစ်ချက်နှိပ်ထားလိုက်ရင် ကိုယ့်ရဲ့ မောက်စ်ပွိုင့်တာလေးက အပေါင်းလက္ခဏာ လေးပြောင်းသွားမယ်။ အဲဒီအပေါင်းလက္ခဏာလေးကို ကိုယ်တည်နေရာ သတ်မှတ်ချင်တဲ့နေရာမှာ တစ်ချက်နှိပ် လိုက်ပေါ့။ အဲဒါဆိုအောက်ကပြထားသလိုလေး ပေါ်လာမှာပေါ့။
- ပေါ်လာတဲ့ ဘောက်စ်လေးထဲမှာ အဲဒီတည်နေရာရဲ့ နာမည်နဲ့ပတ်သက်တဲ့ အချက် အလက်တွေကို ထည့်လို့ရတာပေါ့။ ပြီးသွားရင် Save ဆိုတာလေးနှိပ် လိုက်ရင် ကိုယ့်ရဲ့ Layer ထဲမှာ တည်နေရာ ပွိုင့် တစ်ခုရသွားပြီလေ။ နေရာလေးရွှေ့ဖို့လိုတယ်ဆိုရင်တော့ Pinpointပေါ်မှာ မောက်စ်ပွိုင့်တာလေးတင်လိုက်တဲ့အခါ  လက်ညှိုးလေးထောင်ထားတဲ့ပုံစံ ဖြစ်သွားပြီဆို လိုချင်တဲ့နေရာကို Dragဆွဲပြီး ရွှေ့ပေးလို့ရပါတယ်။





- အဲသလို ပွိုင့်ကိုထည့်လို့ရသလို မျဉ်းကြောင်းဆွဲချင်တယ်ဆိုလည်း သူ့ဘေးက မျဉ်းကြောင်း  ပုံလေးနှိပ်ပြီး ဆွဲလိုက်ပေါ့။ ဆွဲပြီးလို့ သိမ်းလိုက်တဲ့အခါမှာလဲ သိမ်းထားတဲ့ လမ်းကြောင်းလေးပေါ်မှာ နှိပ်ပြီး အကွာအဝေးကိုပါ ကြည့်ရှုနိုင်ပါတယ်။
- အဲဒီမျဉ်းကြောင်းလေး  နဲ့ပဲ လိုအပ်ရင် ဧရိယာ (polygon)ကိုလည်း ဆွဲနိုင်ပါသေးတယ်။ ဆွဲပြီးသိမ်းပြီးလို့ သိမ်းထားတဲ့ဧရိယာပေါ်မှာ ပြန်နှိပ်ကြည့်ရင် တွက်ချက်ထားပြီးသားဧရိယာကို တွေ့နိုင်ပါတယ်။

 Copyright @ MIMU 2023 


- ပြန်ပြင်ချင်တယ်ဆိုရင်လဲ ပြင်မယ့် vertex ပေါ်ကို မောက်စ်ပွိုင်တာလေးတင်လိုက်တဲ့အခါ  လက်ညှိုးလေးထောင်ထားတဲ့ပုံစံ ဖြစ်သွားပြီဆို လိုချင်တဲ့နေရာ/ပုံစံအတိုင်း Dragဆွဲပြီး ပြင်လို့ရပါတယ်။
- နေရာတစ်ခုနှင့် တစ်ခု ဘယ်လောက်ဝေးလဲသိချင်ရင် ဘေးမှာ ပေတံပုံလေးရှိတယ်လေ အဲဒါလေးသုံးပြီး တိုင်းလိုက်ပေါ့။ ဧရိယာသိချင်သေးလား အဲဒီပေတံလေးနဲ့ပဲ အစမှတ်နဲ့ အဆုံးမှတ်ကို တစ်ထပ်တည်းကျအောင် ဆွဲလိုက်ရင် အကွာအဝေးလဲသိရမယ် ဧရိယာလည်းသိရမယ်။

9  ဒါလေးကတော့ Google ရဲ့အခြား application တွေသုံးချင်တဲ့အခါ အသုံးပြုနိုင်သည်။

10  လူပုံအဝိုင်းလေးကတော့ ကိုယ့်ရဲ့Google account နဲ့ဆိုင်တဲ့ဟာပါ။ အကောင့်ကနေထွက်ချင်တယ်ဆိုရင်လည်း ဒီကနေထွက်ရမှာပါ။

11  ဒါကတော့ ဂူဂဲလ်ကနေ ကိုယ်ရှာချင်တဲ့ဟာရှာ သူရှာပေးမှာပေါ့။

12  ဟိုးအောက်ဖက်ဒေါင့်လေးနာက အပေါင်း အနှုတ် သင်္ကေတလေးကတော့ ချဲ့ကြည့်/ချုံ့ကြည့်လုပ်ချင်ရင်သုံးတာပေါ့။ လွယ်တာကတော့ မောက်စ်ပေါ်က ဘီးလုံးလေးကို လိမ့်လိုက်တာက ပိုလွယ်တာပေါ့။

13 

ဒါလေးကတော့ အောက်ခံမြေပုံကို မိမိ ကြိုက်တဲ့ပုံ ပြောင်းလဲသုံးလို့ ရတာပေါ့။ ရိုးရိုးမြေပုံသုံးမလား ဂြိုလ်တုဓါတ်ပုံ ကိုသုံးမလား နိမ့်မြင့်ပြမြေပုံသုံးမလား ကိုယ်နှစ်သက်သလိုသုံးလို့ရပါတယ်။ ဘေးနားလေးက မြားအောက်စိုက်လေးကို နှိပ်လိုက်ရင် ကိုယ်သုံးချင်တာရွေးလို့ရပြီလေ။


## ၃.၄။ ပြင်ပမှဒေတာများထည့်သွင်းခြင်း

Layer ထဲကို အပြင်က Data တွေထည့်ချင်ရင် Layer Name အောက်တွင်ရှိသော Import ကို click လုပ်ပြီး မိမိထည့်လိုသော Data များထည့်နိုင်သည်။ ထည့်လို့ရတဲ့ ဒေတာအမျိုးအစားတွေကတော့

- .csv, .xlsx (Excel files)
- .tsv (Text files)
- .kml, .kmz (Google Earth files)
- .gpx (GPS file) တွေနဲ့
- Photos ဓါတ်ပုံတွေ ထည့်လို့ရတာပေါ့။

အထက်ကပြထားတဲ့ ဖိုင်အမျိုးအစားတွေထည့်လို့ရတယ်ဆိုပေမဲ့ သူ့မှာ သတ်မှတ်ချက်လေးတွေတော့ ရှိသေးတယ်။ အဲဒါတွေကတော့ ကိုယ်ထည့်ချင်တဲ့ ဖိုင်ထဲမှာ တည်နေရာကို ဖော်ပြပေးနိုင်တဲ့ အချက်အလက် ဥပမာ လတ္တီတွတ် လောင်ဂျီကျု တန်ဖိုးတွေ တည်နေရာရဲ့ နာမည်တွေတော့ အနည်းဆုံးပါမှရမှာပါ။ နောက်ထပ်သိထားရမှာက တစ်ခါထည့်တိုင်း အချက်အလက် လိုင်းပေါင်း ၂၀၀၀ အထိအများဆုံးပဲ ရပါတယ်။ KML တို့ KMZ တို့ဆိုရင်လည်း ၅ မီဂါဘိုက် (5 MB) ထက်ကြီးရင်ထည့်လို့မရပါဘူး။ ဓါတ်ပုံဆိုရင် ပုံ ၁၀၀ အထိပဲရပါတယ် တစ်ခါထည့်ရင်ပေါ့။ ဘယ်လိုထည့်တာလည်းဆိုတော့

၁. Layer နာမည်ရဲ့အောက်မှာ Import ဆိုတာလေးရှိပါတယ်။ အဲဒါလေးကိုနှိပ်လိုက်ရင် အောက်မှာပြထားတဲ့ ဘောက်စ်လေးပေါ်လာပါမယ်။




Upload ဆိုတာကတော့ ကိုယ့်ကွန်ပျူတာထဲမှာရှိတဲ့ Excel file တို့ Google Earth file တို့ GPS file တို့ကို အလွယ်တကူဆွဲထည့်လိုက်ရုံပါပဲ။ သတိပြုရမှာကတော့ အပေါ်မှာပြောထားသလိုပဲ ကိုယ်ထည့်မယ့်ဖိုင်မှာ တည်နေရာကို ဖော်ပြပေးနိုင်တဲ့ လတ္တီတွတ်၊ လောင်ဂျီကျု နဲ့ နာမည်တွေပါဖို့လိုတာပေါ့။


Google Drive ဆိုတာကတော့ ကိုယ်ရဲ့ Google account နဲ့တွဲလျက်ရှိတဲ့ ဖိုင်တွေသိမ်းထားတဲ့ နေရာပါ။ အဲဒါလေးရွေးလိုက်ရင် ကိုယ့်ရဲ့ Google Drive ထဲမှာရှိတာ အကုန်ပြပေးပါလိမ့်မယ်။ အဲဒီထဲကမှ ကိုယ်သုံးချင်တဲ့ ဖိုင် (ကိုယ်က အရင်ထည့်ထားရမှာနော်) ကိုရွေးပေးလိုက်ပေါ့။ Photo albums ဆိုတာကလည်း အတူတူပါပဲ Google photos album ထဲမှာ ကိုယ်က ဓါတ်ပုံတွေထည့်ထားမှသာ ယူသုံးလို့ရမှာပါ။

နမူနာအနေနဲ့ လေယာဉ်ကွင်းနေရာဖိုင်ကိုထည့်ကြည့်ရအောင်ပါ။ အဲ့ဖိုင်ထဲမှာ အောက်ပါ အချက်အလက်တွေပါပါတယ်။

1. ST
2. ST_PCode
3. DT
4. DT_PCode
5. TS
6. TS_PCode
7. Name
8. Long
9. Lat
10. Source
11. Village Status
12. Remark



Copyright @ MIMU 2023


၂. ဒေတာတွေထည့်သွင်းဖို့ ဘောက်စ်လေးပေါ်လာပြီဆိုရင် အောက်မှာပြထားသလိုလေး ဆွဲထည့်လိုက်ပါ။





၃. ပြီးရင် တည်နေရာအချက်အလက်ပါတဲ့ဟာကို ရွေးချယ်ပေးရပါမယ်။

၄. နောက်တစ်ဆင့်က နာမည်ကို ရွေးပေး ရပါမယ်။ သတိပြုရမှာက Longitude/Latitude ကော်လံတွေမှာ ဒေတာ မရှိရင် ထည့်လို့မရပါဘူး။





၅. ပြီးသွားရင် ကိုယ့်ရဲ့မြေပုံပေါ်မှာဒီလိုလေးပေါ်လာပါမယ်။



မြေပုံပေါ်မှာပေါ်လာတဲ့ ပွိုင့်လေးတွေကို အမျိုးအစားအလိုက် ပုံစံခွဲကြည့်လို့ ရပါတယ်။ Uniform style ဆိုတာလေးကို နှိပ်လိုက်ရင် အောက်က ဘောက်စ်လေး တစ်ခုပေါ်လာပါမယ်။





Group places by မှာ Uniform style ဆိုတာကို နှိပ်ပြီးတော့ ပေါ်လာတဲ့စာရင်းထဲက နေ Status ဆိုတာလေး ရွေးပေးပါ။ ပြီးတော့ Set labels မှာ Name ကို ရွေးပေးလိုက်ပါ။ မြေပုံရဲ့ Legend မှာ ဒီလိုဖြစ်သွားပါမယ်။

လေယာဉ်ကွင်းတည်နေရာပြတဲ့ သင်္ကေတရဲ့ အရောင်ကို ပြောင်းချင်ရင် ဘေးနားလေးမှာ ရှိတဲ့ ဆေးပုံးပုံလေးကို နှိပ်လိုက်ရင် သင်္ကေတအမျိုးအစားနဲ့ အရောင်ကို ကိုယ်ကြိုက် သလို ပြောင်းပေးလို့ရပါတယ်။

အောက်က Base map ဆိုတဲ့ဟာလေးကို နှိပ်လိုက်ရင် အောက်ခံမြေပုံအမျိုးအစား ကို ကိုယ်ကြိုက်နှစ်သက်တာ ရွေးသုံးလို့ရပါတယ်။ ဥပမာ ရိုးရိုးမြေပုံ ဒါမှမဟုတ် ဂြိုလ်တုဓါတ်ပုံသုံးမြေပုံဆိုပြီးတော့ ကိုယ်ကြိုက်တာ ယူသုံးလို့ ရပါတယ်။

မိမိအသုံးပြုနေသော layer ၏စာရင်းအချက်အလက်များကိုကြည့်လိုလျှင် Layer ၏ဘေးတွင်ရှိသော အစက်သုံးစက်ကို click လုပ်ပြီး open data table ကို click လုပ်လိုက်လျှင် layer ၏ အချက်အလက်များကို အောက်ပါအတိုင်း တွေ့ရပါမည်။





| | ST_PCODE | DT | DT_PCODE | TS | TS_PCODE | Name | Long | Lat | Status |
|---|---|---|---|---|---|---|---|---|---|
| 1 | MMR012 | Kyaukpyu | MMR012D003 | Kyaukpyu | MMR012011 | Kyauk Phyu | 93.534721000 | 19.428564000 | Operational |
| 2 | MMR012 | Thandwe | MMR012D004 | Thandwe | MMR012015 | Thandwe Airport | 94.300010000 | 18.460630000 | Operational |
| 3 | MMR012 | Kyaukpyu | MMR012D003 | Munaung | MMR012012 | Man Aung Airport | 93.684770000 | 18.843949000 | Operational |
| 4 | MMR012 | Thandwe | MMR012D004 | Gwa | MMR012017 | Gwa Airstrip | 94.579319000 | 17.601471000 | Non-operation |
| 5 | MMR006 | Kawthoung | MMR006D003 | Kawthoung | MMR006009 | Kaw Thaung Airport | 98.537929740 | 10.049067500 | Operational |
| 6 | MMR006 | Kawthoung | MMR006D003 | Bokpyin | MMR006010 | Bokpyin Airport | 98.735117000 | 11.152678000 | Operational |
| 7 | MMR011 | Mawlamyine | MMR011D001 | Ye | MMR011006 | Ye Airstrip | 97.863976954 | 15.299962075 | Non-operation |

Field/Column အသစ်များ ထပ်ထည့်လိုပါက မိမိထည့်ချင်သော Field/Column နာမည်၏ ညာဘက်တွင်ရှိသော အမည်းရောင်မြှားအသေးတွင် နှိပ်လိုက်ပါက Insert column before (or) Insert column after တစ်ခုခုကိုရွေးချယ်နိုင်ပါသည်။ အသစ်ထပ်ထည့်သော ကော်လံအသစ်အတွက် နာမည်နှင့် အသုံးပြုမည့်ဒေတာ အမျိုးအစားကို ရွေးချယ်ပေးရပါမည်။


Copyright @ MIMU 2023

## ၃.၅။ Search boxမှ ရရှိလာသော အချက်အလက်များကို Google My Mapsတွင် ပြန်လည်အသုံးပြုခြင်း





Search boxတွင် pagodaဟုရိုက်ပြီး Enter (သို့မဟုတ်) ညာဘက်တွင်ရှိသော မှန်ဘီလူးလေးကို နှိပ်လိုက်ပါက Googleတွင် ရှိပြီးသားနေရာလေးများ ပေါ်လာပါလိမ့်မည်။

နာမည်တစ်ခုချင်းစီ၏ဘေးဘက်တွင်ရှိသော အပေါင်းလက္ခဏာလေးကို နှိပ်ပြီး မိမိကိုယ်ပိုင် Layerထဲသို့ ပြောင်းလဲရယူနိုင်ပါသည်။


## ၃.၆။ မိမိပြုလုပ်ထားသောမြေပုံကို တခြားသူများကို မျှဝေခြင်း

မိမိပြုလုပ်ထားသောမြေပုံကို တခြားသူများကို မျှဝေရန် Map menu တွင်ရှိသော Share တွင် တစ်ချက်နှိပ်ပါ။


ဖော်ပြထားသော ဘောက်စ်တွင် Anyone with this link ရဲ့ဘယ်ဘက်တွင်ရှိသော အဝိုင်းလေးကို ညာဘက်ကို ဆွဲလိုက်ပါက ခလုတ်ကလေးဖွင့်လိုက်သလို ဖြစ်သွားပြီး ခဲအရောင်မှ အပြာလေးသို့ ပြောင်းသွားပါလိမ့်မည်။ သို့မှသာ မျှဝေရမည့်လင့်ကို ကူးယူနိုင်မှာ ဖြစ်ပါတယ်။




နောက်တစ်နည်းအနေဖြင့် Drive sharingကို အသုံးပြုပြီး မျှဝေနိုင်ပါသေးတယ်။ သူကတော့ ကိုယ်မျှဝေသုံးစွဲစေချင်တဲ့သူရဲ့အီးမေးလ်ကို ထည့်ပေးရမှာ ဖြစ်သလို လုပ်ပိုင်ခွင့်ကိုလည်း သတ်မှတ်ပေးနိုင်ပါတယ်။ ကြည့်ရုံပဲလား Viewer ပြင်ဆင်ခွင့် Editor ပါ ပေးမှာလား။





အောက်မှာ ပြထားတဲ့ General access ဘောက်စ်ရဲ့အမည်းရောင်မြားအသေးတွင် နှိပ်ပြီး မည်သူ့ကို မျှဝေမှာလဲ။ Anyone with the link (သို့မဟုတ်) ကန့်သတ်ချက်ထားမှာလား Restricted ပါ အတိအကျ သတ်မှတ်နိုင်ပါသေးတယ်။




ကိုယ်ကိုယ်တိုင် ပြုလုပ်ဖန်တီးထားတဲ့မြေပုံဆိုရင် Google My Maps ကိုဖွင့်လိုက်တာနဲ့ "OWNED"ဆိုတဲ့ အောက်မှာ တွေ့ရမှာဖြစ်ပြီး အခြားလူတစ်ယောက်က ပြုလုပ်ဖန်တီးထားပြီး ကိုယ့်ကို အသုံးပြုခွင့်ပေးထားတဲ့ မြေပုံ ဆိုရင် "**NOT OWNED**" ဒါမှမဟုတ် "**SHARED**"ဆိုတာရဲ့အောက်မှာရှိမှာပါ။

ကိုယ်တိုင်ပြုလုပ်ထားတဲ့မြေပုံများ





အခြားလူတစ်ယောက်မှပြုလုပ်ထားပြီး ကိုယ့်ကိုအသုံးပြုခွင့်ပေးထားသောမြေပုံများ




## ၃.၇။ အီးမေးလ်အကောင့်မှတဆင့် Google My Maps ကိုဖွင့်ခြင်း

မိမိ အီးမေးလ်အကောင့်ဖွင့်ကြည့်လိုက်ရင် ကိုယ့်ကို မျှဝေထားတဲ့ အီးမေးလ်တစ်ခုကို တွေ့ရပါမယ်။ အဲဒီထဲမှာ အောက်ကပုံမှာပြထားသလိုလေးမြင်ရပါမယ်။ မျှဝေထားသော နာမည်ကို နှိပ်လိုက်ရင် မြေပုံပေါ်လာပါလိမ့်မယ်။




## လေ့ကျင့်ခန်း

လေ့ကျင့်ခန်း အနေဖြင့် ဆေးရုံ၊ ပညာရေးနှင့်သက်ဆိုင်သောအဆောက်အဦ၊ ပန်းခြံ၊ ဘာသာရေးဆိုင်ရာနေရာ၊ သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သောနေရာ၊ မိမိမိသားစုနှင့် သူငယ်ချင်းများနှင့် သက်ဆိုင်သောနေရာများကို Google My Mapsနဲ့ မြေပုံပြုလုပ်ပေးပါ။ အနည်းဆုံးပါဝင်ရမည့် အချက်အလက်များမှာ နာမည်၊ လိပ်စာ၊ အမျိုးအစား၊ မှတ်ချက်၊ တခြားထည့်သွင်းချင်သည်များ . . . . . . .

ထိုအချက်အလက်များကို Google My Mapsတွင် တိုက်ရိုက်ရှာဖွေ၍ဖြစ်စေ (သို့မဟုတ်) Excel file ဖန်တီးပြီး import လုပ်၍ဖြစ်စေ ပြုလုပ်နိုင်ပါသည်။ နမူနာအားဖြင့်

| No. | Name | Lat | Long | Address | Type | Note |
|---|---|---|---|---|---|---|
| 1 | Yangon General Hospital | 16.779145 | 96.148697 | Bo Gyoke Rd, Yangon | Hospital | |
| 2 | | | | | | |


Copyright @ MIMU 2023